www.burmeseclassic.com



ကကြိုး ရှက်ဝဲဝဲလေး မဲ့သွားမိသည်။

"ဟို...ကကြိုး မချက်တတ်ဘူး"

"ဟုတ်လား၊ ဒါဆို သမီးကထိုင်ကြည့်နေ၊ ဘဘချက်[...] မယ်၊ အချိန်လည်းမရှိတော့ဘူးဆိုတော့ ဟင်းမချက်တော့ဘူး။ သ[...] လည်း မြန်မြန်စားရအောင် ဘဘက ထမင်းရယ်၊ ကြက်သားရ[...] ထောပတ်ရယ်၊ ကြက်ဥရယ် မွှေးမွှေးအိအိလေး ကြော်ပေးမယ်"

ကကြိုးမျက်နှာလေး ဝင်းလက်သွားတာကို ကြည့်၍ ဦးမ[...] ထွတ်တင် ကျေနပ်သွားသည်။

"ဘဘ...ကီးကီး ဘာမှ မစားရသေးဘူး"

"စောစောက သမီးအိပ်နေတုန်း ဒိုကောင် နိုးဆင်းလာတ[...] ကွ၊ စားသောက်ပြီးမှ ပြန်တက်သွားတာ၊ ပြီးတော့ ကီးကီးက ထမင်[...] ဟင်းနဲ့ စားတာမဟုတ်ဘူး၊ နို့ထမင်းနဲ့ ကြက်ဥနဲ့ ခေါက်ကျွေးရတာ"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်၊ ဟင်းနဲ့ လုံးဝမစားဘူး။ အသားစိမ်း ငါးစိမ်း[...] အနံ့ခံနိုင်းလို့တောင် မရဘူး"

"ဟင်...ကီးကီးက ချစ်ဖို့ကောင်းလိုက်တာ"

ကီးကီးလေးကိုပိုက်ထားရင်း သူ့ရှေ့မှာပဲ ဦးမင်းထွတ်တ[...] လုပ်ကိုင်သွားပုံက သေသပ်မြန်ဆန်လှသည်။

(ဖိုးမိုးစာပေ)



ကြက်သားကြော်နံ့က ထောပတ်နံ့တသင်းသင်းနဲ့ ကကြိုး [...]တ်ထဲက တကြွတ်ကြွတ်မြည်လာပြန်သည်။

ထောပတ်ကြက်ဥနှင့် ထမင်းကြော်ပန်းကန်က ကြက်သား [...]ကြီး ရဲရဲကြွပ်ကြွပ်တင်လျက် အချိန်အနည်းငယ်အတွင်း ကကြိုး [...]ရှေ့ရောက်လာသည်။

"ဟောဒီမှာ ကြက်သားကြော်တွေအများကြီးပဲ၊ သမီး ကြိုက် [...]လောက်စားပေတော့၊ ဘဘ ခြံထဲလျှောက်ကြည့်လိုက်ဦးမယ် [...]တ်လား"

ကကြိုး ဟန်မဆောင်နိုင်။

တစ်နေကုန် ဘာမှ စားမထားသည့်ဝမ်းက ထည့်ထားသည့် [...]မင်းတစ်ပန်းကန် ပြောက်ခနဲကုန်သွားမှ တစ်ခါမှ ဒီလောက်ကုန်အောင် [...]မင်းမစားဘူးခဲ့တာကို သတိရမိသည်။

အရသာရှိလိုက်သည့် ထမင်းကြော်။

အစားများသွား၍ ဗိုက်ထဲမှာ တောင့်တောင့်ကြီးဖြစ်သွား[...]သည်။

"ဟင်"

"မြမျိုးမြင့်မာန်"

အစက လှပသော ပန်းကန်လေးတစ်ချပ်လို့ပဲထင်ခဲ့တာ။

(ဖိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



က ထမင်းစားခန်းထဲအထိ ကကြိုးကို ဖျားယောင်းခေါ်သွားတာလည်း မြင်နေခဲ့သည်။

သူကိုယ်တိုင် ကကြိုးစားချင်စိတ်ပေါ်လာအောင် အ အချာပြင်ဆင် အသင့်စီစဉ်ထားပေမယ့် ကကြိုးက တစ်တို့လေးတော မနိုက်ခဲ့။

သူ့ရင်ထဲမှာမကောင်းရသလို ကကြိုး တစ်ခုခုဖြစ်သွားမှာ လည်း စိုးရိမ်ပူပန်မိသည်။

"ဘာ. . . ဘယ်လိုလုပ်မလဲ၊ သူ ထမင်းမစားဘူး။ ကြာ ဒုက္ခရောက်သွားမှာ"

"လူလေးရင်ထဲမှာစိုးရိမ်နေတာ ဘဘသိတာပေါ့၊ တကယ် ဆို သူတင်မဟုတ်လည်း။ လူလေးလည်း ထမင်းဝိုင်းမှာ တစ်လုပ်နှ လုပ်ပဲစားပြီး ထသွားတတ်တာ ဘဘအသိဆုံးပဲကွယ်"

ဘဘကတော့ သူ့ကို အရိပ်လိုသထားကြည့်နေသူပီပီ အ လုံးသိနေခဲ့သည်။ သူကိုယ်တိုင်ကတော့ သူ့ကိုယ်သူ သတိထားမိ ထက် ကကြိုးကိုပဲ အရိပ်တကြည့် ရှိနေခဲ့မိတာလေ။

သူ့မျက်နှာမြင်လျှင် ကကြိုး ထိတ်လန့်နေမှာစိုးသည်။ သူ ရှိနေတာသိလင် မစားအသောက်မှာပူပန်သည်။ ဒါကြောင့် ကကြိုး အနားကို သူသွားချင်ပေမယ့် ကြိုးစားရှောင်သည်။ သူ့မျက်နှာကို





မြင်စေရဲ။

သူ့အရိပ်အငွေ့ကိုတောင် မတွေ့စေရအောင် ဂရုစိုက်ခဲ့သည်။

"လူလေးလုပ်နေပုံက ကိုယ့်ဒုက္ခကိုယ်ရှာသလိုဖြစ်နေတယ်"

"ကျွန်တော့်ဒုက္ခ ကျွန်တော်ရှာနေတာမဟုတ်ဘူး ဘဘ၊ ကျွန်တော့်ရင်ထဲက ချစ်ခြင်းမေတ္တာကို ရှာတွေ့သွားခဲ့တာပါ၊ ကျွန်တော် ကကြိုးသျှင်ကိုချစ်တယ်၊ ကျွန်တော့်အသက်ထက်တောင် မြတ်နိုး တယ်၊ အဲဒါ ဖန်တီးယူခဲ့တာမဟုတ်ဘူး၊ ရင်ထဲက အလိုလိုဖြစ်လာ တာ၊ အလိုလိုပေါ်ပေါက်လာတဲ့ ခံစားမှုပါ"

"အင်း. . . အချစ်ဆိုတာ ဆန်းကြယ်ပါတယ်လေ၊ လူလေး အားကို ဘဘ အကြွင်းမဲ့ယုံတယ်၊ နူးညံ့သိမ်မွေ့တဲ့ လူလေးရင်ထဲ က အချစ်ကို ကကြိုးသျှင်လေး မြင်အောင် ဘဘ ပြလိုက်ချင်တယ်"

"ကျွန်တော့်အကြောင်း ဘဘ ဘာမှမပြောပါနဲ့၊ သူ ယုံမှာ မဟုတ်ဘူး၊ ရတယ်၊ အဲဒီအတွက် ကျွန်တော်ခံနိုင်တယ်၊ ကျွန်တော် လိုချင်တာက ကကြိုးနှလုံးသားက အလိုလိုပေါက်ဖွားလာမယ့် အချစ် တွေကိုပါ"

သူတောင့်တသောအရာက ကကြိုးနှလုံးသားမှာ ရှိနေမည် သာ။ ထိုအတွက် ရင်မှာ သံသယမရှိပါ။ တစ်ချိန်ချိန်မှာတော့ ကကြိုး ရင်ထဲက ပေါ်လာနိုင်သည်ဟု ယုံသည်။ နောက်ဆုံး သူ့ရင်ဘတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ခေါင်းမင်းဆက် အပြင်က ပြန်လာသည့်ပုံစံနှင့် ခြေလှမ်း…
တို့က အသံနှင့်အတူ ချက်ချင်း အနားရောက်လာသည်။

မျက်နှာမှာ စိုးရိမ်ပူပန်ခြင်းတွေ ပြည့်သိပ်လျက်ရှိ၏။

"အေး . . . ကကြီးလေ . . ဟိုနား . . ."

ဦးမင်းထွတ်တင် တွန့်ဆုပ်စွာ စကားမဆက်နိုင်ရှိခဲ့။

"ဘဘ သူ့ကို ဒီနား ဘာဖြစ်လို့ခေါ်တာလဲ"

"သူ ဒီဘက်ထွက်လာတာ ဘဘမသိလိုက်ဘူး။ အော်…
မှ ကမန်းကတန်းပြေးလာတော့ သူလဲသွားတယ်၊ ဘဘအပြ…
ဘဘ သတိလစ်သွားတယ်"

"ဒါ သေသွားနိုင်တယ် ဘဘ၊ ဘဘ နောက်တစ်ခါ …
သတိထပ်လစ်မိရင် ဒီဆုံးရှုံးမှုကို ကျွန်တော် ဘယ်လိုပြန်ရင်းမ…"

ဦးမင်းထွတ်တင် ခေါင်းငုံ့၍ သက်ပြင်းချသည်။

ကကြီး ကြားထဲက ဒေါသဖြစ်လာ၏။

"ဒီမှာ ရှင်လူကြီးကိုမဆူပါနဲ့၊ ဘာဖြစ်လဲ သေသွား…
ရှင့်လက်က တစ်မျိုးလွတ်သွားတာပေါ့"

သူ ကကြီးကိုတစ်ချက်ကြည့်ကာ မျက်မှန်ကိုချွတ်သ…
ယောကျ်ားဖြစ်ပြီး ထူထဲမဲနက်နေသည့် မျက်တောင်တို့ကြော…

(စိုးမိုးစာပေ)



…ခေါင်းမင်းဆက် မျက်လုံးတွေက တဖိတ်ဖိတ်လက်သလို ဘောင်
…တ်၍ အရောင်တင်ပေးထားသကဲ့သို့ ရှိနေသည်။

ရှုးတောက်ညို့ငင်သော ဒီမျက်ဝန်းတွေကို ဘာကြောင့် မျက်မှန်
…မြဲတပ်၍ ကာကွယ်ထားပါလိမ့်။

"မင်း . . . ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး၊ ဖြစ်လည်း ရှင့်အပူမပါဘူး"

ကကြီး အတင်းပဲ ရန်လုပ်နေသည်။

သူ ဒေါသဖြစ်ပါစေ၊ ကိုယ့်မှာလည်း ဒေါသတွေနှင့်၊ ဒါမှ
…ဖြစ်ရမှာ၊ ခုတော့ ကကြီးပြောသမျှ သူက တုံ့ပြန်ခြင်းမရှိ။

"ဘဘ နောက်ကို ဒီလောက်နက်တဲ့ထိ ခေါ်တာမျိုး မလုပ်
…နဲ့ ကျွန်တော်ပြောတာရိုင်းသွားရင် ခွင့်လွှတ်ပါ"

"ဘဘ မှားတာပါကွယ်၊ မတောင်းပန်ပါနဲ့၊ ဒီကလေးတစ်ခုခု
…ဖြစ်သွားတာပဲ ဘဘက ဝမ်းသာနေတာ"

ကကြီး ခြေလှမ်းဖို့ ကိုယ့်ကိုအလှည့်တွင် ဘယ်ခြေတစ်
…ချောင်းလုံး လေးလန်ထုံကျင်၍ အမှတ်တမဲ့မို့ ငိုက်ခနဲဖြစ်သွားသည်။

"မင်း . . . မင်း ဘာဖြစ်သွားတာလဲ"

ခေါင်းမင်းဆက် ကိုင်ထားသည့်မျက်မှန် လွတ်ကျသွား
…သည်။ ချောက်ချားတုန်လှုပ်စွာ ရှေ့တိုးလာပုံက သတိလက်လွတ်၊

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်တော်တော့နော်၊ ဒီမှာ သေတော့မယ်၊ ခါတ်လိုက်လို့မသေဘဲ ရှင်နိုပ်တာနဲ့ သေနိုင်တယ်သိလား"

"ဒါနဲ့. . . မင်းပဲ စောစောကတော့ သေချင်တယ်ဆို"

ကံကြီး သူ့ကို မျက်စောင်းလေးထိုးလိုက်ကာ တစ်ဘက်ကို လှည့်သွားသည်။ အဲဒီမျက်စောင်းလေးတစ်ချက်ကို သူ့အမိအရဆုပ်ကိုင်ဖက်တွယ်ကာ ခဏခဏ ပြန်ကြည့်နေချင်သည်။

အချိန်တိုင်း ရင်ခုန်နေချင်သည်။

ချစ်လိုက်တာ ကလေးရယ်. . .။

ရင်ထဲမှာ တမ်းတမ်းတတ ညည်းဖြစ်၏။

ဘဘပြန်ရောက်လာတော့ ရေနွေးယူခိုင်းကာ သူ့ဆေးထိုးပေးသည်။

"အို. . . မထိုးဘူး၊ ဆေးနှစ်လုံးတောင် အထိုးမခံနိုင်ဘူးသွား"

ဒုတိယဆေးထိုးဖို့ကို အတင်းအကျပ် လုပ်ယူရသည်။

"ဘာလဲ၊ ရှင်က ဒေါက်တာရမ်းကုလား။ ဆေးရုံမှာ အမှိုက်သိမ်းရင်း ရလာတဲ့ပညာနဲ့ ငွေရှိတိုင်း ဆေးအပ်ကိုင်နေတာလား"

"မင်း. . . မသေသေးဘူးလေ၊ ဒီတော့ ကိုယ်ရမ်းသမ်းကုတာ၊ ရမ်းသမ်းမှန်နေလို့ ဖြစ်မှာပေါ့"





ပြောပြီး ထိုင်ရာကထသည်။

"မင်းခြေထောက် အနာမပျောက်မချင်း ရေလုံးဝမချိုးရဘူး"

"အို. . . ဘယ်ရမလဲ"

"ကိုယ့်ကိုယ်ကို ဒုက္ခိတလေး ဖြစ်မသွားချင်ရင် ဒေါက်တာကုပြောတာပဲဆိုပြီး စမ်းကြည့်လိုက်လေ"

သူမရှိတော့ ကံကြီးက ဘဘကိုမေးသည်။

"ဘဘ သူက ဆရာဝန်လားဟင်"

"ဟုတ်တယ်၊ အရိုးအကြော ပါရဂူဘွဲ့ရလာပြီး မြန်မာပြည်ပြန်ရောက်တော့ သူ့ဖခင်ကဆုံးသွားပြီ၊ အဲဒီကနေစပြီး ဘွဲ့ရောညာပါ လုံးဝ ချောင်ထိုးထားလိုက်တာပဲ"

"ဘာဆိုင်လို့လဲ ဘဘ"

"ဪ. . . ဆိုင်တာပေါ့ကွယ်၊ နိုင်ငံခြားမှာ သူ ပညာသင်နေတုန်း သူ့ဖခင် မြင်းပေါ်ကလိမ့်ကျပြီး ခါးဆစ်ဘဲ့ဖြစ်သွားတယ်လေဘူး၊ ကိုယ်တစ်ခြမ်းရွဲ့သွားတယ်၊ အဲဒါကို အဖေလုပ်သူကလည်း သားကြီးပြန်လာမှ ဆေးကုမယ်၊ ပညာကြိုးစားဖို့ အကြောင်းကြားလိုက်တယ်၊ ဒါပေမဲ့ ပြန်လာတော့ သူ အသက်မမှီတော့ဘူး၊ နဂိုကလည်းက ဝန်ထမ်းအလုပ်ကို ဝါသနာမပါဘဲ မိဘတိုက်တွန်းလို့သင်ရတာ ဖခင်ဆုံးပြီး အရမ်းစိတ်ထိခိုက်သွားတော့ ဖော်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ကျောခိုင်းလိုက်တာပဲ၊ သူ့ဆေးအပ်ကိုင်တာ မိသားစု အတွက်ပဲရှိတယ်"

"သူ့ဖခင်က ဘာဖြစ်လို့ အသက်ကြီးမှ မြင်းစီးတာလဲ၊ ကျန်းမာရေးကောင်းအောင် လမ်းလျှောက်တာလို့ပဲ ကကြိုးကြား တယ်"

ဦးမင်းထွတ်တင်က ကကြိုးကို အတန်ကြာတဲ့အထိ တွေ တွေကြီး ငေးကြည့်နေသည်။

ပြီးမှ. . .

"စော်ဘွားမျိုးတွေဟာ မြင်းစီးလေ့ရှိကြတယ်ကွဲ့၊ များသော အားဖြင့် ဝါသနာနဲ့ ဓလေ့တစ်ခုပဲပြောမလား"

"ဟင်. . . သူတို့က စော်ဘွားမျိုးတွေ"

"ဟုတ်တယ်. . . ဒါဟာ 'မြမျိုးမြင့်မာန်' စံအိမ်ကြီးပေါ့ ဒီနာမည်မှာပဲ မိသားစု အရှုပ်အထွေးတွေ ဖြစ်ခဲ့တာကြောင့် 'မြမျိုးမြင့်မာန်' ကို နာမည်ပြောင်းဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမဲ့ ခုတော့ ဘာနာမည်မှ မပေးဖြစ်ခဲ့ပါဘူး"

"သူက မွေးချင်းမရှိဘူးလားဟင်"

"သူ့ညီဝမ်းကွဲရှိတယ်၊ ဆွေမျိုးဆိုလို့ဒါပဲလေ၊ သူကတော့ တစ်ဦးတည်းသောသားပေါ့၊ ဒါပေမဲ့ ဘုန်းစက်ရှိန်ဝါဟာ ဆောင်း





သက်ရဲ့ ညီရင်းအဖြစ် ရှိနေတာပါပဲ"

"သူက ဘယ်မှာလဲ"

"ကနေဒါမှာ ထင်တယ်၊ သူကလည်း သူ့ဘာဝ်နဲ့သူပဲ၊ ထက် က်မြက်မြက် ရှိပေမယ့် ဘာအလုပ်မှ ဝါသနာမပါဘူး။ တကယ့် ကစားသမားစစ်စစ်ပဲ၊ ကားမောင်း၊ ဆိုင်ကယ်စီး၊ စကိတ်စီး၊ စားယဉ်ပြိုင်ရတာတွေကို သိပ်ဝါသနာကြီးတာ၊ ဒါပေမဲ့ သူတို့ချင်း ယောဉ်တော့ကြီးကြတယ်"

ကကြိုး ဝရန်တာမှာရပ်ရင်း စိတ်ကူးထဲမှာမျောနေမိသည်။

"ဆောင်းမင်းဆက်"

သူနဲ့ သူ့ဘဝက စိတ်ဝင်စားစရာ။

ဒါပေမဲ့ ကကြိုးနည်းနည်းလေးမှ ကရုဏာသက်လို့မရ။

"ကီးကီး. . . ကီးကီးရေ"

ဝူးခနဲမြည်သံပြု၍ ပေါ်မလာသဖြင့် ကကြိုး အခန်းထဲပြန် ခဲ့သည်။

"ဪ. . . နင်က လိုက်ကာကြားထဲမှာပုန်းနေတာကိုး"

ကကြိုးက နံရံတစ်ဘက်မှာ ကပ်လျက်ရှိသည့် ကတ္တီပါအနီ ကြွဲဖယ်ကာ ခြေထောက်လေးတွေပေါ်နေသည့် ကီးကီးကိုဖို



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"သမီးရဲ့ဓါတ်ပုံဟာ ဘယ်ကမှန်းမသိတဲ့ သူ့လက်ထဲ ရော
လာတာလေ"

ဦးမင်းထွတ်တင်က သူသိမျှ ပြောပြသည်။

"ကျွန်တော်နဲ့ထိုက်တဲ့ မိန်းကလေးမို့ ဒီဓါတ်ပုံ ကျွန်တော်
နလုံးသားတည့်တည့်ကို ထိမှန်ပြီးကျလာတာ၊ သူ့ကို မရရအောင်
ပြီး ကျွန်တော်ယူမယ်၊ အဲဒီမိန်းကလေးကို ကျွန်တော်ရွဲလမ်းဆော
ဘဘ"

ဆောင်းမင်းဆက် ဒီတိုင်းပဲ သူ့ကိုပြောခဲ့တာ။

"သူ သမီးကို အဲဒီကတည်းက တမ်းတမ်းစွဲဖြစ်ခဲ့တာ၊ မိ
ကို ဒီလိုပန်းချီကားကြီးဖြစ်အောင် သုံးချပ်တိတိရေးခိုင်းတာ၊ ဒီပုံ





ကလောအိမ်မှာလည်း ရှိတယ်၊ ဖဲခွေးအိမ်မှာလည်း ရှိတယ်၊
ဒီလိုပဲထားလို့ ဘယ်သူမှသိမှာမဟုတ်ဘူး။ အဲဒါ သူ အမြဲမကြာခဏ
ရောက်နေရတဲ့နေရာတွေပေါ့၊ သူရောက်တိုင်း ဓါတ်ပုံရှိတဲ့အခန်းကို
နေတယ်။ ဒီပုံကို အချိန်ကုန်ခံပြီး တစိမ့်စိမ့်ကြည့်တယ်"

ကကြီး မျက်နှာပူပူနှင့် မနေတတ်မထိုင်တတ်ဖြစ်လာသည်။

"တကယ်ဆို သမီးလက်ထပ်ခါနီးမှ သူသမီးကို စုံစမ်းလို့
ရသွားတဲ့အတွက် သူ့မှာ သမီးကိုချဉ်းကပ်ဖို့ အချိန်မရှိတော့ဘူး၊ ဒါ
ကြောင့် လိုချင်တာကို မရရအောင်ယူတတ်တဲ့ ဉာဉ်ကလည်းရှိနေ
တော့ သူဟာ သိပ်ကိုလျှို့ဝှက်တဲ့စီစဉ်မှုတွေနဲ့ နယ်မလုံးခဲ့တယ်၊ သမီး
ခံလာဆောင်မှာ ဝတ်တဲ့ဝတ်စုံဟာ သူ့စိတ်ကြိုက် ဒီဇိုင်းထုတ်ပြီး
မိန်နဲ့မှန်းထားတာပေါ့"

"ရှင်"

"ဟုတ်တယ်၊ သူအနိုင်အမာ စီစဉ်ထားခဲ့တာက သမီးဝတ်
စားပြီးတာနဲ့ မင်္ဂလာပွဲမစမီ ရအောင်ယူဖို့ပဲ၊ ဒီဝတ်စုံဟာ သူနဲ့လက်
ထပ်ဖို့ပေါ့. . ."

"ဘုရား. . . ဘုရား"

"ဒါပေမဲ့ မထင်မှတ်ဘဲ အနှောင့်အယှက်ဝင်ပြီး မင်္ဂလာပွဲပြီး
သူ ရောက်သွားတယ်၊ သမီးကိုခေါ်လာပြီးမှ သူ အစမှလည်းမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိသည်။

လက်ရုံးအခန်းထဲမှာ မီးရောင်တွေလင်းရှင်းနေ ရာ
ထဲမှာမကောင်းပါ။ လက်ရုံးမအိပ်သေးတာလား။ သူ့လို အိပ်
ဆိုးကြောင့် လန့်နိုးတာလား။

တံခါးကို အသာတွန်းကြည့်တော့ ညင်သာစွာပွင့်သွားသည်

အခန်းထဲမှာ လက်ရုံးငုတ်တုတ်။ စာကြည့်စားပွဲမှာ ကျော
ရုပ်ကြီးလိုထိုင်လို့။ မျက်ဝန်းအစုံက စားပွဲပေါ်က ဓါတ်ပုံလေးဆီ

တို့သုံးယောက် အမှတ်တရရိုက်ထားတဲ့ ဓါတ်ပုံလေးထဲ
နင် ရွတ်နောက်နောက်နဲ့ လျှာကလေးထုတ် ပြောင်ပြနေတာလေ

ခုတော့ လက်ရုံးအတွက် ကြေကွဲစရာတွေချည်းဖြစ်နေ
ကကြီးရယ်။

"မင်း. . . မအိပ်သေးဘူးလား လက်ရုံး"

ရာဇ အသံတိုးတိုးကြောင့် လက်ရုံးအနောက်ကို ဖြည်းညင်း
စွာ လှည့်ကြည့်လာသည်။

"ငါ ဘယ်လိုမှအိပ်မရဘူး ရာဇ၊ မင်းကရော နိုးတာလား"

အိပ်မက်ဆိုးကို လက်ရုံးမသိစေချင်တာမို့ ရာဇ ခေါ
ဟုပဲ အဖြေပေးကာ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်၏။

"ကကြီး တစ်ခုခုဖြစ်နေမှာ ငါစိုးရိမ်တယ်ရာဇရော၊





မ်းတာလည်း နံ့နေပြီ၊ ကကြီးပျောက်ဆုံးနေတာကို တိုင်ချက်ဖွင့်
ကောင်း ပ်ထင်တယ်"

"လူကြီးတွေက မလုပ်စေချင်တဲ့အလုပ်ပဲ၊ အဘွားသစ်တို့
တစ်ရက်ကနေနှစ်ရက် မဖြစ်ချင်ဘူးတဲ့၊ မာမီနဲ့ဒယ်ဒီကလည်း
တောင် ရှုပ်နေတာ၊ လူသိရှင်ကြားဖြစ်ရင် အပြင်တောင် ထွက်ရဲ
ာ့မှာမဟုတ်ဘူး"

"ဘာမှ မရေရာတဲ့ဘဝကြီးနဲ့ ငါထိုင်စောင့်နေရမှာလား
ရာ၊ ငါ့ဘက်ကိုလည်း စာနာပေးကြပါဦး"

လက်ရုံးအသံတွေက အက်ကွဲရှတနေသည်။ သူ့ထက် စိတ်
ထိန်းနိုင်မာသော လက်ရုံးတောင် သည်လောက်ဖြစ်နေတော့ သူ
နာနိုင်၏။

"ငါနားလည်တယ် လက်ရုံး၊ ဒါကြောင့် ငါလည်း စုံစမ်းနေ
သပဲကွာ"

"မာမီတို့အဘွားသစ်တို့ထင်သလို မင်းထင်နေသလား ရာဇ၊
ကြီး တကယ် ငါ့ကိုစွန့်ပြီး သူများနောက်. . . အိုကွာ ချစ်သူ
ည်းစားနောက် လိုက်သွားတယ်လို့ မင်းထင်သလား"

လက်ရုံးလေသံက နာကျင်ခါးသက်နေ၏။ မယုံနိုင်ခြင်းတွေ
ဲ ခံရခက်နေမှန်းလည်း သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမထင်ဘူး. . . မဖြစ်နိုင်ဘူး. . . ကကြီးမှာ ချစ်သူရည်း စားမပြောနဲ့ ယောကျ်ားကလေးသူငယ်ချင်းတောင် မရှိ"

"အေးကွာ. . . ငါနဲ့မင်းသိသလို ကကြီး သူငယ်ချင်းအချို့ အချာတွေလည်း ဒါကို အကြွင်းမဲ့လက်ခံကြတယ်၊ စဉ်းစားမရတာ ကကြီး ဘယ်ပျောက်သွားတာလဲ၊ ဘယ်ထွက်သွားတာလဲ"

လက်ရုံးမေးခွန်းကို ရာဇမဖြေတတ်ပါ။ ဘယ်သူမှလည်း မဖြေတတ်သောမေးခွန်း ဖြစ်နေသည်။

"တစ်ခု စဉ်းစားရာက ကကြီးကို တစ်ဖက်သတ်ကြိုက် နေတဲ့ကောင်ရဲ့ ယုတ်မာတဲ့လုပ်ရပ်တစ်ခု ဖြစ်နိုင်မလားပဲ"

"ကကြီးကိုကြိုက်နေတဲ့ကောင်တွေ အများကြီး။ အဲဒီ မှာ သံသယဖြစ်စရာကောင်းတဲ့ နေသာကလည်း ကောင်မလေးတစ် ယောက်နဲ့ အဆင်ပြေနေတယ်၊ ကျန်တဲ့သူတွေကလည်း ဘာ ဘာမှမသိကြဘူး။ ငါနဲ့ကကြီး ညားနေပြီထင်နေကြတာပဲ"

အဖြေက ရှာလေပျောက်ဆုံးလေဖြစ်နေသည်။ တစ်စုံတစ် သောအကြောင်းတရားတော့ ရှိရမည်။ ထိုအကြောင်းအရာက ဘာ သူတို့ ရှာမတွေ့နိုင်သေးတာဘဲ ဖြစ်ရမည်။

"ငါတော့ ဖြစ်ချင်ရာဖြစ် လူကြီးတွေလက်မခံချင်နေ ကကြီး ကိစ္စကို လူပျောက်တိုင်ချက်ဖွင့်ချင်တယ် ရာဇ"





"ခဏလေးစောင့်ဦးကွာ၊ နောက်ဆုံး ဘယ်လိုမှ အဖြေရှာ တွေ့ရင်မှမင်းဆန္ဒကို ငါမတားတော့ဘူး"

လက်ရုံး သက်ပြင်းမောကြီးနှင့် ခေါင်းငိုက်စိုက် ငြိမ်သက် သွားသည်။ ရာဇ အကြည့်ကိုလွှဲတော့ ဓါတ်ပုံလေးထဲမှ ကကြီး၏ အပူအပင်မဲ့မျက်ဝန်းလေးတွေကို မြင်သည်။ ကကြီး အပျော်မျက်နှာ လေးနှင့် ပြောင်ပြနေသည်။ ထိုစဉ်က သူတို့ညီအစ်ကို ကကြီးပုံလေး ကို ကြည့်ကာ ရယ်မောကျေနပ်နေခဲ့ကြပေမယ့် . . .

အခုတော့ ရင်ထဲမှာ မီးတောင်တွေ ပေါက်ကွဲတော့မယ် ကကြီး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လုံးဝပြင်ဆင်ခွင့်မရှိတဲ့ ဘဘရဲ့အမိန့်ပဲ၊ လူလေးလည်း ပင်ပန်းလာတယ်၊ နောက်မှ စကားအေးအေးဆေးဆေး ပြောကြတာပေါ့၊ သွားအနားယူပါ"

ဆောင်းမင်းဆက် မျက်နှာကြီးသည် မှုန်နေသည်ကို မြင် မကြည့်တော့ဘဲ ဦးမင်းထွဋ်ခေါင်က ဦးမင်းထွတ်တင်ကို ကြည့်သည်။

"ငါ့ညီလည်း သွားနားပါ၊ မနက်ဖြန်နေ့လည် တစ်နာရီ တို့များမိသားစုအားလုံး ဆုံကြမယ်"

စကားဆုံးလျှင် အားလုံးတစ်ပြိုင်နက် ထရပ်လိုက်ကြသည်။

✿ ✿ ✿



## အခန်း (၅၀)

"ခေါက်. . . ခေါက်"

"ဘယ်သူလဲဟင်"

"ဒွေးတော်ပါ"

ကကြိုးသျှင် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

အခန်းထဲမှာ ဆောင်းမင်းဆက်အိပ်ခဲ့သော ဒရင်းမ်ဘတ်ဒ်က ဒီအတိုင်း။ ကကြိုး အဲဒီပေါ်ကစောင်တွေ ခေါင်းအုံးတွေကို ကပျာကယာယူ၍ မွေ့ရာပေါ်ပြောင်းတင်လိုက်သည်။ ဒီအမျိုးသမီးကြီးက လွယ်။

"ခေါက်. . . ခေါက်"

တံခါး ထပ်ခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လာခဲ့သည်။

အစီအစဉ်အားလုံးကို သေသပ်ပိရိစွာ စီစဉ်ထားခဲ့သူ။ ပိုင် မိုက်မဲမဲ အတ္တကြီးစွာဖန်တီးခဲ့သည့် သူ့ဖြေရှင်းချက်က ယုံနိုင်စရာ ခဲ့။

ကကြိုးကိုချစ်သတဲ့။ မြတ်နိုးသတဲ့။ ပိုင်ဆိုင်ချင်လို့စိတ်ကြောင့် စီစဉ်ရခြင်းပါတဲ့။

မိန်းကလေးပေါင်းများစွာနှင့် ပတ်သက်ဖူးသော အချစ်ကစား ပွဲတိုင်းမှာ မော်ဆရာတစ်ဦးလို အနိုင်ယူတတ်သော ဆောင်းမင်းဆ စကားကို ကကြိုး မယုံနိုင်ခဲ့ပါ။

အတ္တကြီးသော အလိုရမက်တစ်ခုနှင့် ကကြိုးကိုသိမ်းပိုက် ခြင်းဟုပဲ ထင်ခဲ့မိသည်။ ရင်ထဲမှာ ခါးသီးစွာနှင့် နာကြင်မုန်းတီး သည်။

သူ့မျက်နှာကိုမြင်ရုံနှင့် ကကြိုးရွံ့ရှာသည်။ ကြောက်လန့် တုန်လှုပ်ခဲ့မိသည်။

သူ့လက်ခုပ်ထဲမှရေပမာ တစ်နေ့တော့ ကကြိုးဘဝလေး နှ မွန်းခဲ့မည်ဟု ချောက်ချားနေခဲ့သမျှ အခုတော့ ကကြိုး ကြောက်လန့် နေသောအချိန်တွေကို ရင်မဆိုင်ရသေးပါ။

သူ့လုပ်ရပ် သူ့အပြုအမူတွေက ကကြိုးအပေါ်ညင်သာသည်





သိမ်မွေ့နူးညံ့သည်။ မာယာများသော သူ့ရဲ့လှည့်စားချက်တစ်ခုဟု ကကြိုး ထင်မိပြန်သည်။

ကကြိုးရင်ထဲကအချစ်ကို ပိုင်ဆိုင်ဖို့အတွက် သူ ပရိယာယ် များစွာနှင့် ဖျားယောင်းနေခြင်းဟု ကကြိုးထင်၏။

တစ်ခါတရံမှာတော့ ကကြိုး အသိတရားတွေ မိန်းမောသွား လောက်အောင် သူ ယုယကြင်နာမှုက စွမ်းသည်။

မိုးထဲလေထဲမှာ ကကြိုးကိုပွေ့ဖက်ထွေးပွေ့ကာ တစ်ချိန်လုံး အနီးမှာရှိနေခဲ့စဉ်က ကကြိုးရင်တွေတလှပ်လှပ်။

ကြောက်လန့်ခြင်းနှင့် ရင်ခုန်လှိုက်ဖိုခြင်းတွေထဲမှာ ကကြိုး အချိန်မရွေး လွင့်မျောသွားနိုင်ပေမယ့် အံ့ဩစရာကောင်းစွာ သူ အခွင့်အရေးမယူခဲ့ပါ။

ကကြိုးခန္ဓာကိုယ်လေးကို အေးစက်သောမိုးရေတွေထဲမှာ နွေး ထွေးအောင်ပွေ့ဖက်ထားခဲ့သည်။ ကကြိုးဦးခေါင်းမှာ ပါးစလေးအပ် ငြိမ်သက်နေခဲ့သည်။ ထိုထက်ပိုမိုသောအခွင့်အရေးတွေကို သူမပြုခဲ့။

လမ်းခရီးမှာ ကားပျက်တော့လည်း သူတစ်ညလုံး ကကြိုးကို ထွေးပွေ့ထားယုံမှတစ်ပါး မဖျားယောင်းခဲ့ပါ။ ကကြိုး နှစ်ခြိုက်စွာ အိပ်မောကျနေသည်ထင်ကာ နိုးသွားမှာစိုး၍ သူ တစ်ချက်မလှုပ်။ သူ ရင်ခွင်ထဲမှာ ကကြိုး ရင်တွေလှိုက်ဖိုရင်း သူ့ရဲ့ စောင့်ထိန်းနိုင်မှု



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ဖြန့်ကြဲနေသည့်ရတနာများက ကျောက်ခဲသလဲတွေလို။

"အဲဒါ ဒွေးတော်တို့ရဲ့မမကြီးနဲ့ သူ့ကြင်ယာတော်ပေါ့၊ မ[illegible] ရဲ့မိခင်ဟာ မမကြီးရဲ့ အလှအပ ထက်မြက်မှုအားလုံးအပေါ် တ[illegible] ထားလွန်းလို့ အမျိုးတူချင်း လက်ဆက်ပေးတာတောင် ရတနာမို[illegible] ပေးနိုင်မှ သဘောတူမယ်လို့ကြေညာတယ်၊ ဒါနဲ့ပဲ အဲဒီရုပ်ထု[illegible] ပုဂ္ဂိုလ်ဟာ တကယ်မြတ်နိုးခဲ့တဲ့ချစ်သူကိုပါ စိတ်နာပြီး ရတနာမို[illegible] သူမတတ်နိုင်တာကို တကယ်တတ်နိုင်အောင် ရှာဖွေစုဆောင်း[illegible] လာပြန်တောင်းတယ်၊ ရင်ထဲမှာတော့ နာနေပြီပေါ့ကွယ်၊ မမကြီး[illegible] ဒို့ပြင်လာတောင်းတဲ့လူတွေကိုငြင်းပယ်ပြီး ချစ်သူကိုစောင့်ခဲ့ပေ[illegible] တကယ်တမ်းလက်ထပ်ပြီးတဲ့အခါ စိတ်မချမ်းသာခဲ့ရဘူး"

ဒွေးတော်မျက်နှာက နီရဲတင်းမာလာသည်။

"တကယ်ပါ၊ မမကြီးက မြမျိုးမျက်ချယ်ပါ၊ အဲဒီပုဂ္ဂို[illegible] ကတော့ ဦးမင်းမြင့်မာန်၊ မမကြီးကိုသူယူပြီး ဒီပန်းပုရုပ်ထုကို စိတ်[illegible] လက်ရှည် ကိုယ်တိုင်ထုတယ်"

ဒွေးတော်က ပဆစ်တုပ်ထိုင်ချကာ ရုပ်ထုနှစ်ခုကို ခံထား[illegible] ကျောက်စိမ်းခုံပေါ်က ပိုးသားစကို ဖယ်ရှားလိုက်သည်။

"ဒီရုပ်ထုကိုရော စံအိမ်ကိုပါ 'မြမျိုးမြင့်မာန်' လို့ ကင်ပွန်း[illegible] တယ်"

(စိုးမိုးစာပေ)



ဖယ်ရှားလိုက်သည့်ပိုးစအောက်မှာ 'မြမျိုးမြင့်မာန်' ဆိုသော ဖောင်းကြွအသားစာလုံးတွေကို လှပစွာ မြင်လိုက်ရသည်။

"ဒီနာမည်ကို တဖွဖွရွတ်ပြီး ရုပ်ထုကိုထုခဲ့သည်။ အဲဒီလို သူရွတ်တိုင်း မမကြီးမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ဒီရုပ်ထုပြီးတဲ့အချိန်မှာ ကိုယ်ဝန်နေ့စေ့လစေ့က မီးဖွားရင်း မမကြီးဆုံးသွားရှာတယ်"

"အို"

ကကြိုး တကယ့်ကို သနားသွားမိတာပါ။

ရုပ်ထုရှေ့မှာ ဒွေးတော်လို ပဆစ်ထုပ်ထိုင်၍ မြမျိုးမျက်ချယ် ဆိုသည့် အမျိုးသမီးမျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။

"အမိမဲ့ကျန်ခဲ့တဲ့ကလေးဟာ ဆောင်းမင်းဆက်ပေါ့၊ ကလေး မျက်နှာမြင်တော့မှ အမိမဲ့ကလေးအဖြစ်ကိုသတိရပြီး သူမှားမှန်းသိ တယ်၊ တကယ်တော့ ချစ်လွန်းလို့ အမျက်ကြီးခဲ့တာပဲ၊ သူစိတ်တွေ လေပြီး တစ်နှစ်ကျော်လောက် ပျောက်သွားခဲ့တယ်၊ အဲဒီမှာ သူရဲ့ ကျန်ခဲ့တဲ့ညီနှစ်ယောက်ရဲ့လက်ပေါ်မှာ လူလေးကြီးပြင်းခဲ့ရတယ်လေ"

ညီနှစ်ယောက်ဆိုတာ ဘဘဦးမင်းထွတ်တင်နှင့် တစ်ယောက် က ဘယ်သူမှန်း ကကြိုးမသိ။

"ကိုကြီး မင်းထွတ်တင်နဲ့ မင်းစိုင်းလူပေါ့၊ သူတို့[illegible] ကလေး ကို အရမ်းချစ်ပြီး အရမ်းကိုအလိုလိုက်ကြတာ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကလေးမှာ. . ."

"ဟုတ်တယ်"

လက်ရုံး ရင်တွေလည်းခုန်နေသည်။ မခံချင်ဒေါသတွေလည်း ဖြစ်လာ၏။

"ဒါ. . . ဘာသဘောလဲ"

ဝင့်လည်း မျက်နှာမကောင်း။

"ငါထင်သလို ကကြိုး မတရားခံရတာ မဟုတ်တာတော့ အသေအချာပဲ၊ ကြည့်စမ်း ဓါတ်ပုံထဲမှာ အသားလေးတွေရှိပြီး ဒီမှာ ထက်တောင် မိုလုနေသေးတယ်"

လက်ရုံး အံကိုတင်းနေအောင် ကြိတ်ထားမိသည်။

"မဖြစ်ရဘူး။ အဲဒီလိုအဖြစ်မျိုး လုံးဝမဖြစ်ရဘူး။ ကကြိုးကို မျက်နှာချင်းဆိုင် ကျွန်တော်ရှင်းမယ် ဝင့်"

"ဟုတ်တယ်၊ ရှင်းသင့်တယ်၊ ဒီမှာ တို့တွေအားလုံး ဘယ်လို ဖြစ်ကျန်ခဲ့မယ်ဆိုတာသိရက်နဲ့ ကကြိုး ဘာမှမရှင်းတာ သိပ်ကိုလွန် တယ်၊ တို့လည်း သဘောမကျဘူး"

ယောကျ်ားမို့ မငိုရဘူးဆိုရင် လူတွေကဲ့ရဲ့လည်း ကဲ့ရဲ့ကြပါ စေတော့။

လက်ရုံး မျက်နှာကြီးနီရဲလျက် အံကြိတ်ထားတဲ့ကြားက





ရည်တွေ ဝဲတက်လာသည်။

ရက်စက်တယ် ကကြိုးရယ်။

ဘယ်သူတွေဘာပြောပြော ဒီနေ့ထိ သူ့မှာတော့ မျှော်လင့် ဘုန်း။

"လက်ရုံး နင်သိပ်ခံစားမနေပါနဲ့ဟာ၊ သူ့အကြောင်းရင်းကို ည်း မသိရသေးပါဘူး။ ဘယ်သူနဲ့ဘယ်လိုနေမှန်းလည်း မသေချာ ဘူး ဥစ္စာ၊ စိတ်ကို ဖြေပါ၊ သူရှိတဲ့နေရာ ကိုဝေ့ကို ငါမေးထား ယ်၊ နင် ဘယ်တော့ သွားမလဲသာပြော. . ."

ပြန်လည်ဖြေခြင်းအစား လက်ရုံးပါးပြင်တစ်ဖက်မှာ မျက်ရည် က် ကြွေကာကျ၏။

ရင်နာလိုက်တာ ကကြိုးရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်အောင် စီစဥ်ပေတော့"

ဦးမင်းထွတ်တင် စကားမဆိုနိုင်တော့ပါ။

မျက်လုံးကြီးတွေ နီတွတ်လာကာ မျက်ဝန်းမှာ မျက်ရည်တွေဝဲလာသည်။

"ဩော်...အနိစ္စ...ဒုက္ခ...အနတ္တ...ကံကံ အကျိုးကို ဘယ်သူ လွန်ဆန်လို့ရမှာလဲလေ၊ ဝဋ်ကြွေးဆိုတာ ရှိလာရင် နတ်ပြည်ထိတက်ပုန်းနေလည်း ကျွမ်းပြန်ကျမှာပဲ"

ဦးမင်းထွဋ်ခေါင် ထဗျိုပြင်တော့ လူကြီးနှစ်ယောက် ကမူ ကယာ ပြေးတွဲကြသည်။

"သတ္တဝါတစ်ခု ကံတစ်ခုလို့ မှတ်ကြတော့ကွယ်"

✿ ✿ ✿



## အခန်း (၅၅)

"အဆက်အသွယ်ရဖို့ဆိုတာ လုံးဝမမျှော်လင့်နဲ့ ကိုယ့်လူ၊ မင်းမှာ အတောင်ပံပါရင်တော့ ပျံသွားပေတော့"

လက်ရုံး ရဲတိုက်ကြီးကိုကြည့်၍ ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ဒီထဲမှာ ကကြိုးရှိနေမှန်းသိရက်နဲ့ တွေ့ဖို့လမ်းကမရှိ။

ခါတ်ပုံထဲက မြင်ကွင်းမျိုး ရှုခင်းမျိုးတွေကို သူလှမ်းမြင်နေရသည်။

"အဲဒီမှာ အသက်ငါးဆယ်အရွယ် လူကြီးတွေပဲရှိကြတာကွ။ တစ်ခါတလေတော့ ခပ်လတ်လတ် ခပ်ချောချောလူတစ်ယောက် လာတတ်တယ်၊ ဒါပေမဲ့ ညှော်သည်ဖြစ်လိမ့်မယ်၊ ငါတော့ မင်းတို့ပြောသလို သိပ်ဖြစ်နိုင်မယ်မထင်ပါဘူး။ သိရသလောက်ဆို ဒီရဲတိုက်ဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com



မလင်းတာမျိုးရှိခဲ့ရင်လည်း ဒီလက်စွပ်ဟာ ကိုယ့်ကိုယ်စား မင်း
ကာကွယ်ပေးသွားမှာ"

အို. . . သူဘာတွေ လာပြောနေတာလဲ"

ကကြိုး မခံစားရပေမယ့် ရင်ထဲမှာ မောလျှစွာ
ခုန်လာသည်။

"ကကြိုးသျှင်"

သူ ကကြိုးလက်ကလေးကိုဖြေလွှတ်၍ ကကြိုးအိ
မွေ့ရာထက်မှာ လှဲချလိုက်သည်။

"ကိုယ် မင်းရဲ့အချစ်ကို စက္ကန့်တိုင်း စက္ကန့်တိုင်း မျှော်
နေတယ်ဆိုတာ သတိရပေးပါ၊ ကိုယ်ချစ်သလို မချစ်နိုင်ရင်
ပျော့ပျောင်းညင်သာမှုလေး နည်းနည်းတော့ကိုယ်ရချင်တယ်"

ကကြိုးလက်ဖဝါးလေးကို ဆောင်းမင်းဆက် လှမ်းဆွဲ၍
နားထိ တိုးရပ်စေသည်။

"မင်းအပေါ် မှဲ့တစ်ပေါက်မစွန်းစေရဘူးဆိုရင် ကိုယ်
ယုယကြင်နာမှု အဝိုင်းအတာတစ်ခုထိတော့ မင်း ကြည်ဖြူ
ကကြိုး သျှင်ရယ်"

ကကြိုး ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

သူ. . . သူ ဘာကိုတောင်းဆိုနေတာလဲ၊ အို. . .

(စိုးမိုးတာဝေ)



သီးသီး မှတ်ထုတ်ပစ်ရမလား။

မလွဲမသွေ အားကိုးရတော့မယ့် လူတစ်ယောက်အဖြစ်
မထူးစိတ်ပိုက်၍ ခွင့်ပြုလိုက်ရမှာလား။

ကကြိုး မျက်လုံးလေးပြူး၍ တုန်လှုပ်စွာရပ်နေဆဲ။

"ကိုယ် မင်းမကြည်ဖြူဘဲ မင်းကို ဘာတစ်ခုမှ အခွင့်
အရေးမယူဘူးဆိုတာ ကတိပေးခဲ့ပြီးသား၊ ခုလည်း ထပ်ပေးပါမယ်၊
ဒါပေမဲ့ ကိုယ်မင်းကိုသိပ်ချစ်တယ်"

ဆောင်းမင်းဆက် ကကြိုးရဲ့လက်ကလေးကိုဆွဲကာ မွေ့ရာ
မှာ ထိုင်စေလိုက်၏။

"ဘာဖြစ်လို့ စကားတစ်ခွန်းမှပြန်မပြောဘဲ ငေးကြည့်နေ
တာလဲ ချာတိတ်ရယ်၊ ကိုယ့်ကို ကြောက်နေသလားဟင်"

သူ ထထိုင်လိုက်တော့ ကကြိုးလန့်သွားကာ ထပြေးမိမြင်
လိုက်မိသည်။

ဒါပေမဲ့ မရ။

ကကြိုး ကိုယ်လုံးလေးကို နောက်မှသိမ်းဖက်ကာ ကကြိုးရဲ့
ဆံနွယ်တွေကြား လည်တိုင်ဖွေးနုနုလေးမှာ သူ့မျက်နှာတိုးဝှေ့ညင်
သာစွာ ပွတ်တိုက်နမ်းရှိုက်သည်။

"ချစ်တယ် ချာတိတ်ရယ်၊ ကိုယ်မင်းကို ရူးမလောက် ချစ်

(စိုးမိုးတာဝေ)

www.burmeseclassic.com

www.burmeseclassic.com



တာ"

ကကြိုးရှန်းလေ သူကတိုး၍ဖက်ထားလေ၏။

"ရှင်. . . ရှင် ကကြိုးကိုလွှတ်ပါတော့၊ ကကြိုးကြော

တယ်"

"ကြောက်တယ်"

သူ သတိဝင်လာသလို ရုတ်ခို၍ ကကြိုးကိုလွှတ်ပေး

"မကြောက်လိုက်ပါနဲ့ ကကြိုးရယ်၊ ကိုယ် မင်းရဲ့အ

အသားကို ဘယ်တော့မှ အစမွှမသိမ်းပိုက်ဘူးဆိုတာ လုံးဝယုံ

စမ်းပါ၊ ကိုယ့်ကို ကြောက်နေတာမျိုး နောက်မပြောပါနဲ့"

လက်စွပ်ဝတ်ပေးထားသည့် ကကြိုးလက်ဖမိုးလေး

မျက်ဝန်းတွေမှိတ်၍ မြတ်မြတ်နိုးနိုးနမ်းသည်။

"မင်းဟာ ထာဝရ ကိုယ်မြတ်နိုးတဲ့ ဇနီး"

✿ ✿ ✿



အခန်း (၉၇)

"ဟင်"

အိပ်ရာထက်မှ ဖျတ်ခနဲကျိုးထလိုက်တော့ အနားမှာ ဘယ်သူ

မျိုး ငါအိပ်မက်မက်နေတာပါလား ဆိုသောအသိနှင့် တစ်ကိုယ်လုံး

ချွေးတွေရွဲနေတာကို သတိထားမိသည်။

သူ့ရဲ့အိပ်ရာဘေးမှာ ဆောင်းမင်းဆက် ဒရင်းဘတ်နှင့်

နေသည်။ စောစောက အိပ်မက်ထဲမှာတော့ ဒေါ်သထန်နေသည့်

နှာနှင့် ဆောင်းမင်းဆက် ကျားကြီးကိုစီးကာ လက်နက်မဲ့

ရုံးရပ်နေသည့်နေရာကို ဒုန်းစိုင်းသွားသည်။

လက်ရုံးကို ကျားနဲ့တိုက်သတ်မလို့တဲ့။ ပြီးတော့ လက်ထဲ

တိုင်မြှောက်ထားတာ ဓါးရှည်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်ရယ်ခြင်းမရှိသော ဆောင်းမင်းဆက် နှုတ်ခမ်း[illegible] ရယ်ပုံကို ကကြိုး ငေးကြည့်နေမိသည်။

တကယ့်ကို တင့်တယ်တဲ့ယောက်ျားပါ။

"မင်းဟာ တကယ့်ကလေးဆိုးလေးပဲ ကကြိုးသျှင်ရယ်"

သူ ကကြိုးပါးလေးကို ဖွဖွလေးဆွဲလိမ်သည်။

"ရှင် ကကြိုးနာမည်ကိုခေါ်ရတာ မမောဘူးလား"

"မမောဘူး။ တစ်ခါခေါ်ရင် တစ်ခါ ရင်ထဲမှာ ငြိမ်း[illegible] တယ်၊ မင်းဟာ ကိုယ့်ဘဝရဲ့ ကကြိုးသျှင်ပဲ၊ ကိုယ်ရဲ့ ရှင်သန်[illegible] သေဆုံးခြင်းအားလုံး မင်းလက်ထဲမှာပဲလေ"

"ကကြိုး ယုံကြည်ဖို့ ကြိုးစားပေးပါ့မယ်"

"ဘာ"

သူ အလန့်တကြား ထပ်မေးသည်။

"ကကြိုးရဲ့ အတိတ်တွေပျောက်သွားတဲ့ တစ်နေ့နေ့[illegible]"

သူ သက်ပြင်းချသည်။

"ကိုယ် စိတ်ရှည်လက်ရှည် စောင့်ပါ့မယ်"

ထိုစဉ် လင်းလက်နေသော နေရောင်ခြည်က မိုးသား[illegible] ကြောင့် အုံ့မှိုင်းသွားသည်။

သူ ကကြိုးလက်ကလေးကို ဆုပ်ထားရင်း ကောင်းကင်[illegible]





မော့ကြည့်လိုက်၏။

"နေမပူမိုးမရွာနဲ့ အုံ့မှုက်မှုက်ဖြစ်နေလိုက်တာ ဒီနေ့ဆို သုံးရက်ရှိပြီနော်"

သူ့ဟာသူ စကားတွေပြောနေ၏။

"ဘဘထွတ်တို့ အဲဒီရာသီဥတုကို မကြိုက်ကြဘူး။ ကိုယ်က တော့ ကြိုက်တယ်"

သူက ကကြိုးကိုလှည့်ကြည့်ကာ. . .

"ညနေ ကကြိုးနဲ့ကိုယ် စစ်တုရင်ထိုးရအောင်"

"ကကြိုးမှ မထိုးတတ်တာ"

"ကိုယ် သင်ပေးမယ်"

"ဝါသနာမပါဘူး"

"ပါရမယ်ကွာ၊ အဲဒီနည်းက သိပ်အဆင်ပြေတယ်၊ ကိုယ်တို့ အားတဲ့အချိန်မှာ မင်းမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေရမယ်၊ နိုင်ရင် ရှုံးရင် စိတ်လှုပ်ရှားမှုနဲ့နေမယ့် မင်းမျက်နှာလေးကို မြင်ရမယ်၊ တကယ် ဆို ခုလို အားလပ်တဲ့အချိန် ကိုယ့်မှာ မရှိသလောက်ဘဲ၊ ကိုယ် နေလည်း မနေတတ်ဘူး။ ဒါ ဘဘထွတ်အမိန့်နဲ့မို့ မထွက်ရဘာ၊ ပြီးတော့ မင်းရှိလို့"

"မနေတတ်တာက အလုပ်မရှိရင် မနေတတ်တာတော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ ရည်းစားမရှိရင် မနေတတ်တာဘဲ ဖြစ်မယ်"

ကကြိုးမျက်နှာက လှောင်ပြုံးကို သူခပ်တွေတွေစိုက်ကြည့်ကာ အမိပ္ပါယ်ရှာနေသည့် အတိုင်း။

"အဲဒါမဟုတ်ဘူး၊ ရည်းစားဆိုတာက ကိုယ့်အတွေးထဲ အဲဒီလောက်ထိ ကိုယ်ထည့်မထားဘူး။ ကိုယ့်မှာ စီးပွားရေးလုပ်ငန်း အများကြီးရှိတယ်၊ ဒါက ဝါသနာကိုပါတာ၊ ဘဘတို့က လုံးဝမကြိုက် ဘူး၊ ဖြစ်နိုင်ရင် ကိုယ့်ကိုသူတို့လိုပဲ ဒီထဲမှာ အေးအေးချမ်းချမ်း စေချင်တာ"

"ဟုတ်တယ်၊ ရှင် အဲလိုနေသင့်တာပဲ"

"အဲဒီလိုမနေလို့ မင်းနဲ့ ဆုံဆည်းခွင့်ရတာပေါ့၊ ကိုယ်... ပဲ နှောင်တရဖူးတယ်၊ ဒါဟာ ကိုယ့်ဘဝအတွက် ပထမဆုံး... နှောင်တပဲ..."

ကကြိုး သူပြောလာမှာကို စိတ်ဝင်တစား နားထောင်... သည်။

"အဲဒါ ဘာလဲသိလား၊ မင်းကို ပထမဆုံး ဆုံဆည်းခွင့်... လိုက်တာကိုပဲ။ ကိုယ့်မှာ မင်းလက်မခံနိုင်တဲ့ ဖြစ်ချက်တွေစွန်း... ပြီးမှ မင်းကို ဆုံဆည်းခဲ့ရတဲ့အတွက် ယူကျုံးမရဖြစ်ခဲ့ဖူးတယ်၊ ... ပါးပါးလေးကျော်ဖြတ်ခဲ့တဲ့ အတိတ်ဟာ အနာဂတ်အတွက် ဒီလော...





စွန်းထင်းသွားခဲ့တာကိုလည်း သိပ်အံ့ဩမိတယ်"

သူ ကကြိုးပခုံးလေးကို သိုင်းဖက်လိုက်သည်။

"ကိုယ်... မင်းကို သိပ်ချစ်တယ် ကကြိုးသျှင်၊ မင်း နား ထောင်ပေးနိုင်မယ်ဆိုရင် ဒီစကားကို ခဏခဏ အဆက်အပြတ် ပြောနေချင်တယ်"

ကကြိုးပါးလေးနားကို သူတိုးကပ်လာတော့ ကကြိုး မသိ မသာတိမ်းရှောင်၍ ထရပ်လိုက်သည်။

"အထဲဝင်ရအောင်"

ခေါင်းညိတ်၍ သူထလိုက်သည်။ ပြီးတော့ ကကြိုးခါးလေး ကို ဖက်ထားကာ အိမ်ကြီးဆီလျှောက်ခဲ့ကြသည်။

ဆင်ဝင်အောက်ကျတော့ ဒွေးတော်က ကြည်လင်စွာပြုံးလျက် "ဒွေးတော် စိတ်ချမ်းသာလိုက်တာ" တဲ့။

✿ ✿ ✿



www.burmeseclassic.com

